# **မုဋ္ဌိတုကမျတာဉာဏ်**

**ဣမိနာ ပန နိဗ္ဗိဒါဉာဏေန ဣမဿ ကုလပုတ္တဿ နိဗ္ဗိန္ဒန္တဿ ဥက္ကဏ္ဍန္တဿ အနဘိရမန္တဿ သဗ္ဗဘဝယောနိဂတိဝိညာဏဋ္ဌိတိ သတ္တာဝါသ ဂတေသု သဘေဒကေသု သင်္ခါရေသု ဧကသင်္ခါရေသုပိ စိတ္တံ န သဇ္ဇတိ န လဂ္ဂတိ န ဗဇ္ဈတိ၊ သဗ္ဗသ္မာ သင်္ခါရဂတာ မုစ္စိတုကာမံ နိဿရိတုကာမံ ဟောတိ။**

**အထဿ ဧဝံ သဗ္ဗသင်္ခါရေသု ဝိဂတာလယဿ သဗ္ဗသင်္ခါရဂတာ မုစ္စိတုကာမဿ ဥပ္ပဇ္ဇတိ မုဋ္ဌိတုကမျတာဉာဏံ။** (ဝိသုဒ္ဓိမဂ် ၊ ဒု၊ ၂၈၈)

ဤနိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ပျင်းရိ မပျော်မွေ့သော ပုဂ္ဂိုလ်အား အလုံးစုံသောဘဝ (၃)ပါး၊ ယောနိ (၄)ပါး၊ ဂတိ(၅)ပါး၊ ဝိညာဏဋ္ဌိတိ (၇) ပါး၊ သတ္တာဝါသ (၉)ပါး၌တည်ကုန်သော ပျက်စီးခြင်းရှိသည့် သင်္ခါရတရားများစွာတို့တွင် တစ်ခုသောသင်္ခါရတရား၌လည်း စိတ်သည် မကပ် မငြိ မတွယ်။ သင်္ခါရတရားအားလုံးမှ လွတ်လို၏၊ ရှောင်ခွါထွက်သွားလို၏။

ထိုအခါ၌ သင်္ခါရတရားအားလုံးတို့၌ ဤသို့ဆိုခဲ့သောနည်းဖြင့် တွယ်တာမှုကင်းလျှက် သင်္ခါရတရားအားလုံးမှ ဤသို့ဆိုခဲ့သောနည်းဖြင့် လွတ်လိုသောပုဂ္ဂိုလ်အား မုဋ္ဌိတုကမျတာဉာဏ် ဖြစ်ပေါ်၏။

**ဘဝ(၃)ပါးဟူသည်** ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ တို့ဖြစ်ကြ၏။

**ယောနိ(၄)ပါးဟူသည်** အဏ္ဍဇ= ဥမှ ဖြစ်သောသတ္တဝါ၊ ဇလာဗုဇ= သားအိမ်မှဖြစ်သော သတ္တဝါ၊ သံသေဒဇ= အညှို၌ဖြစ်သော သတ္တဝါ၊ ဩပပါတိက= ကိုယ်ထင်ရှား အပြည့်အစုံ ဘွားကနဲ ဖြစ်သော သတ္တဝါတို့ ဖြစ်ကြ၏။

**ဂတိ (၅)ပါးဟူသည်** ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ လူ၊ နတ်တို့ဖြစ်ကြ၏။

**ဝိညာဏဋ္ဌိတိ (၇)ပါးဟူသည်**

(၁) လူနှင့် ကာမာဝစရနတ်တို့သည် အချင်းချင်း ကိုယ်ကာယအားဖြင့်လည်း ထူးခြားကြ၏၊ ပဋိသန္ဓေ အားဖြင့်လည်း ထူးခြားကြ၏၊ လူအချင်းချင်း နတ်အချင်းချင်း မတူကြ၊ ထို့ကြောင့် နာနတ္တကာယ နာနတ္တသညီ ဖြစ်ကြ၏။

(၂) ပဌမဈာန်ဘုံပြဟ္မာတို့သည်၄င်း၊ အပါယ်သတ္တဝါတို့သည်၄င်း၊ အချင်းချင်းထူးခြား၍ သညာတူသောကြောင့် နာနတ္တကာယ ဧကတ္တသညီ ဖြစ်ကြ၏။

(၃) ဒုတိယဈာန် ဘုံပြဟ္မာတို့သည် အချင်းချင်း ကိုယ်တူ၍ သညာထူးခြားသောကြောင့် ဧကတ္တကာယ နာနတ္တသညီ ဖြစ်ကြ၏။

(၄) တတိယဈာန်ဘုံပြဟ္မာတို့သည် ဝေဟပ္ဖိုလ်ပြဟ္မာတို့သည်၄င်း၊ အချင်းချင်းကိုယ်၊ သညာ နှစ်မျိုးလုံးတူသောကြောင့် ဧကတ္တကာယ ဧကတ္တသညီ ဖြစ်ကြ၏။

(၅) အာကာသာနဉ္စာယတနပြဟ္မာတို့သည် အာကာသာနဉ္စာယတနသညီ ဖြစ်ကြ၏။

(၆) ဝိညာဏဉ္စာယတနပြဟ္မာတို့သည် ဝိညာဏဉ္စာယတနသညီ ဖြစ်ကြ၏။

(၇) အာကိဉ္စညာယတနပြဟ္မာတို့သည် အာကိဉ္စာယတနသညီ ဖြစ်ကြ၏။

## သတ္တဝါသ (၉)ပါးဟူသည်

ဝိညာဏဋ္ဌိတိ (၇)ပါးနှင့် အသညသတ်ဘုံ၊ နေဝသညာနာသညာယတနဘုံတို့ဖြစ်ကြ၏။

ယောဂီပုဂ္ဂိုလ်၏အသိဉာဏ်သည် လေ့လာမှတ်သား နာကြားဖူးသမျှ၌သာ ဆင်ခြင်နိုင်၏၊ မမှတ်မသားဖူးသောအမည်ဖြင့်ကား ကိလေသာလည်း မဖြစ်နိုင်၊ ဉာဏ်လည်း မဖြစ်နိုင်။ အနည်းဆုံး ဘဝသုံးမျိုး၌ ငြီးငွေ့မှုဉာဏ်ဖြစ်လျှင် ဝိပဿနာဉာဏ်ဖြစ်၏၊ အဘယ့်ကြောင့်ဆိုလျှင် ယောနိဂတိစသောအမည်တို့မှာ ထိုဘဝသုံးမျိုး၏ ပရိယာယ် ဝေါဟာရ အမည်ထူးမျှသာ ဖြစ်သောကြောင့် ဖြစ်၏။

တစ်နေရာရာ၌ အပြစ်မြင်၍ မပျော်မွေ့ ငြီးငွေ့ပျင်းရိသောပုဂ္ဂိုလ်အား ထိုနေရာမှ ထွက်ခွါ သွားလိုခြင်း၊ ထိုနေရာကို စွန့်လွှတ်လိုခြင်း ဖြစ်မြဲဓမ္မတာဖြစ်၏၊ ထို့ကြောင့် ရှုနေသောအာရုံ သင်္ခါရ တရားနှင့် ရှုသိမှုဝိပဿနာဉာဏ် သင်္ခါရတရားတို့၌ ကြောက်ဖွယ်ထင်လျှက် အပြစ်မြင်ပြီး ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ထက်သန်စွာ ဖြစ်ပေါ်လျှက်ရှိသော ယောဂီအား ရှုနေသောအာရုံ သင်္ခါရတရား၊ ရှုသိသော ဝိပဿနာဉာဏ် သင်္ခါရတရားတို့မှငင်း၊ ဆင်ခြင်မိသော ဘဝယောနိ ဂတိစသော သင်္ခါရတရားတို့မှ ၄င်း၊ စွန့်လွှတ်လိုသော သဘောသည် မုဉ္စိတုကမျတာဉာဏ်ဖြစ်၏။

ထိုအခါ၌ ယောဂီသည် ကိုယ်အမူအရာဟူသမျှကို၄င်း မြင်သိမှုစသော စိတ်အမူအရာဟူသမျှ ကို၄င်း၊ ယောကျ်ား မိန်းမအဖြစ် လူအဖြစ် နတ်အဖြစ် ပြဟ္မာအဖြစ်သော ဘဝဟူသမျှကို၄င်း စွန့်သာ စွန့်ပစ်လို၏၊ ၄င်းတို့မှ လွတ်ရာတခြားသို့ ရောက်လို၏။

ထို့ကြောင့်ပင် အချို့ပုဂ္ဂိုလ်သည် "မရှုဘဲ နေရတာက ကောင်းမယ်"ဟု ဆင်ခြင်စဉ်းစားမိ တတ်၏၊ ထိုသို့ စဉ်းစားမိသည့်အတိုင်းလည်း မရှုတော့ဘဲ ရပ်နား နေမိတတ်၏။

နိဗ္ဗိဒါဉာဏ် လွန်မြောက်လာတဲ့အခါ ကိုယ်ထဲက မခံသာတဲ့ဆင်းရဲတွေက ပြန်ပေါ်လာတတ်၏၊ ထူးခြားမှုမှာ အောက်ပိုင်းဉာဏ်များတုန်းက ဆင်းရဲတဲ့ဝေဒနာများဟာ စူးစိုက်မှတ်သော်လည်း တစ်ပိုင်း စီ ပြတ်ပြီး မမြင်တတ်၊ ဤဉာဏ်ရောက်မှ တစ်ပိုင်းစီ ပြတ်ပြီး မြင်တတ်၏။

နာကျင်မှုတွေကို ရှုလိုက်လျှင် တစ်ခါရှု တစ်ခါပျောက်သွား၏၊ ယူပစ်လိုက်သလိုပင် ရှင်းကနဲ ပျောက်သွား၏ ရှုတိုင်း အပျက်ချည်းသာ တွေ့နေရ၏၊ မခံသာသော သဘောတွေကိုလည်း တွေ့ရ ပြန်၏၊ ထို့ကြောင့် "ဒါတွေ မရှိမှ ကောင်းမယ်၊ ဒီ တရားဆိုးတွေက မြန်မြန်ပဲ လွတ်ပါစေ"လို့ လွတ်ချင်တဲ့ အလိုလို ဖြစ်လာ၏။

ပျက်နေတဲ့တရား၊ မခံသာတဲ့တရားတွေသည် သင်္ခါရတရားများ ဖြစ်၏၊ ထိုတရားများ မရှိတော့လျှင် နိဗ္ဗာန်ဖြစ်၏၊ ယခင်က နိဗ္ဗာန်လိုချင်မှုသည် ပျော်စရာဘုံဗိမာန်ထင်ပြီး သာမန်လိုချင် မှုဖြစ်၏၊ အခု လိုချင်တာက ပျက်နေတဲ့ဆင်းရဲနေတဲ့သင်္ခါရတရားအားလုံးက လွတ်မြောက်ရာကို တကယ်လိုချင်မှုဖြစ်၏၊ ဤဉာဏ်သည် မျှော်စဉ်ကနေပြီး မျှော်ကြည့်သလို နိဗ္ဗာန်ကို မျှော်ကြည့်သော ဉာဏ်ဖြစ်၏။

# ပဋိသင်္ခါဉာဏ်

**သော ဇဝံ သဗ္ဗဘဝ ယောနိ ဂတိ ဌိတိ နိဝါသ ဂတေဟိသဘောဒကေဟိ သင်္ခါရေဟိ မုစ္စိတုကာမော သဗ္ဗသ္မာ သင်္ခါရဂတာ မုဉ္စိတုံ ပုန တေ ဇဝ သင်္ခါရေ ပဋိသင်္ခါနုပဿနာညာဏေန တိလက္ခဏံ အာရောပေတွာ ပရိဂ္ဂဏှာတိ။** (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၈၉)

အလုံးစုံသော ဘဝယောနိဂတိဋ္ဌိတိသတ္တဝါသတို့၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့် သင်္ခါရတို့မှ ဤသို့ ဆိုခဲ့သည့်အတိုင်းပင် လွတ်မြောက်လိုသော ယောဂီပုဂ္ဂိုလ်သည် သင်္ခါရတရား အားလုံးမှ လွတ်မြောက်ရန် ရှုသိပြီးသောသင်္ခါရတရားတို့ကိုပင် တဖန်ရှုမှု ပဋိသင်္ခါဉာဏ်ဖြင့် လက္ခဏာရေးသုံးပါးတင်၍ တဖန်သိမ်းဆည်း ရှုမှတ်၏။

သင်္ခါရတရားတို့၌ နိစ္စ သုခ အတ္တဟု စွဲလမ်းမှု လုံးဝကင်းလျှင် သင်္ခါရတရားငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဆိုက်ရောက်၏၊ ထိုသို့သော ပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်မပြုသေးမီလည်း ထိုသင်္ခါရတရားတို့နှင့်စပ်၍ စိုးရိမ်ကြောင့်ကြခြင်း စိတ်ဆင်းရဲခြင်း မရှိပြီဖြစ်၍ ထိုသင်္ခါရတရားတို့မှ လွတ်လည်းလွတ်မြောက်၏။

ပရိနိဗ္ဗာန်စံပြီးသောအခါ၌ ထိုသင်္ခါရတရားတို့မှ လွတ်မြောက်မှုမှာ ပြောစရာမရှိပြီ။ ထို့ကြောင့် သင်္ခါရတရားတို့မှ လွတ်လိုလျှင် အခြားတစုံတရာကို ပြုလုပ်ရန် မလို၊ ထိုသင်္ခါရတရားတို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တ ဟု ပိုင်နိုင်စွာသိ၍ လျစ်လျူရှုနိုင်အောင် ရှုမှတ်မှုမြဲဖို့ မပြတ်ရှုမှတ်ဖို့သာ လို၏။

မုဉ္စိတုကမျတာဉာဏ်အစွမ်းကြောင့် သင်္ခါရတရားတို့မှ လွတ်လိုသော ယောဂီသည် ဖြစ်ပျက်နေသော သင်္ခါရတရားတို့ကိုပင် တဖန်ဆက်၍ ရှုမြဲရှုနေရ၏၊ ဤသို့ တဖန်ရှုသော အခါ၌ အနိစ္စအခြင်းအရာ(၁၀)ပါး၊ ဒုက္ခအခြင်းအရာ (၂၅)ပါး၊ အနတ္တအခြင်းအရာ (၅)ပါး ဤအခြင်းအရာ (၄၀)တို့တွင် တပါးပါးကို ရှုသိမှုတိုင်း၌  ထိုက်သည့်အားလျော်စွာ ထင်ရှား သိလျက်ရှိ၏။

အကျဉ်းအားဖြင့် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ ဤလက္ခဏာ (၃)ပါးတို့ တွင် ထိုက်သည့်အားလျော်စွာ တပါးပါးကို ရှုသိမှုတိုင်း၌ ထင်ရှားသိလျက်ရှိ၏၊ ဤအသိဉာဏ်သည် တဖန်ရှုမှု၊ တဖန်သိမှုဖြစ်သောကြောင့် ပဋိသင်္ခါဉာဏ်ဖြစ်၏။

## အထူးမှတ်ဖွယ်

သမ္မသနဉာဏ်ဖြစ်ခိုက်၌၎င်း ဤပဋိသင်္ခါဉာဏ်နစည်၌၎င်း ကြီးမားထင်ရှားစွာ ဖြစ်ပေါ်လာသော မခံသာမှုအမျိုးမျိုးကို မျက်မှောက်သိမြင်ရ၍ ယောဂီသည် ဒုက္ခ အခြင်းအရာများစွာတို့ကို သိမြင်သဘောကျတတ်၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ သမ္မသနဉာဏ်၊ ပဋိသင်္ခါ ဉာဏ် နှစ်ဌာနမှာ ဤအခြင်းအရာတို့ကို အကျယ်ပြသည် ဟု ယူသင့်၏။

သမ္မသနဉာဏ်အရာ၌ တစ်မျိုးတည်းသော ဒုက္ခဝေဒနာများကို အပိုင်းအပိုင်းပြတ်၍ မသိနိုင်၊ ပဋိသင်္ခါဉာဏ်၌ကား ရှုသိမှုတိုင်း အပိုင်းအပိုင်းပြတ်၍ သိ၏။

## တော (၄၀)၊ ဝိပဿနာ (၄၀)

အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာ (၄၀)တို့ကို အနိစ္စတော ဒုက္ခတောစသည်ဖြင့် ဟောတော်မူသောကြောင့် တော (၄၀) ဟုခေါ်ကြ၏။

ထိုအခြင်းအရာတို့ဖြင့် သိသောဉာဏ် (၄၀)တို့ကိုလည်း ဝိပဿနာ (၄၀) ဟုခေါ်ကြ၏။

ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်၊ သုတမယဉာဏ်နဲသောသူတို့အား နဲနဲသာ ထင်မြင်တတ်ကြ၏။ ပင်ကိုယ်ဉာဏ်ထက်မြတ်သူ သုတမယဉာဏ်အားကောင်းသူတို့အား များစွာထင်မြင်တတ်ကြ၏၊ အထက်မဂ်တို့၏ ဝိပဿနာဉာဏ်အရာ၌ သာ၍များစွာ ထင်ရှားစွာ သိမြင်တတ်ကြ၏။

သို့သော်လည်း

**ပဥ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ။ ပဥ္စန္နံ ခန္ဓာနံ နိရောဓာနိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ** - ပဋိသမ္ဘိဒါမဂ္ဂ (၄၁၁)နှင့်အညီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် အခြင်းအရာတစ်ခုခုကိုသာ ကောင်းစွာမြင်ပြီးသည်၏ အခြားမဲ့၌ မဂ်ဉာဏ် ဖြစ်ပေါ်မြဲဖြစ်သောကြောင့် အခြင်းအရာတစ်ခုခုကို ကောင်းစွာသိမြင်သဘောကျလျှင်ပင် မဂ်ဉာဏ်သို့ ရောက်နိုင်သော ဝိပဿနာဉာဏ်ပြည့်စုံပြီဟု ယုံကြည်အပ်၏။

ဤဉာဏ်မရင့်သေးမီ ဖြစ်ပေါ်စ၌ သင်္ခါရတရားတို့၏ သာယာဖွယ်မရှိသည့် မခံသာသည့် သဘောတို့ကို အထူးထင်ရှားစွာတွေ့ရခြင်းကြောင့်၄င်း၊ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့ ညီမျှစွာ မရှုနိုင်ခြင်းကြောင့်၄င်း၊ ရှုသိမှုကောင်းနေပါလျက် "မကောင်းဘူး"ဟုသာ ထင်နေတတ်၏။ အားမရဘဲ ရှိနေတတ်၏။

ဤဉာဏ်ရင့်သန်သောအခါ၌ကား ရှုသိမှု အထူးကောင်းလာသည်ဟု ထင်ရ၏။ ဥဒယဗ္ဗယဉာဏ်၌ ဥပက္ကိလေသနှင့် ရောသောဉာဏ်၊ ဥပက္ကိလေသမှ လွတ်သောဉာဏ်ဟု နှစ်မျိုးကွဲပြားသကဲ့သို့ ဤပဋိသင်္ခါဉာဏ်၌လည်း မခံသာမှုတို့နှင့် ရော၍ အားရလောက်အောင် မှတ်သိမှု မကောင်းသောဉာဏ်၊ မခံသာမှုကင်း၍ အားရလောက်အောင် သွက်လက်စွာ ရှုသိမှု ကောင်းသော ဉာဏ်ဟု နှစ်မျိုးကွဲပြား၏။

ထို့အတူပင် ဘင်ဂ်ဉာဏ်၌လည်း ဖွာကျဲကျဲဖြစ်၍ အားရလောက်အောင် မကောင်းသော ဉာဏ်၊ စီးစီးပိုင်ပိုင် ရှုမှတ်၍ ကောင်းသောဉာဏ် ဟု နှစ်မျိုးကွဲပြား၏။

သင်္ခါရဝဋ်ဆင်းရဲတရားတွေမှ လွတ်မြောက်ချင်တာက မုဉ္စိတုကမျတာဉာဏ်၊ လွတ်အောင် တဖန်အားထုတ်ပြီး ရှုတာက ပဋိသင်္ခါဉာဏ်၊ လွတ်မြောက်ချင်တာနဲ့ လွတ်အောင် တဖန်အားထုတ် ပြီး ရှုသိမှုဟာ တစ်ဆက်တည်းဖြစ်နေ၏။

ဤဉာဏ်မှာ ထိုင်နေရာက ထသွားချင်၊ သွားနေရာက ထိုင်ချင်စသည် ဣရိယာပုထ် မခိုင်မြဲသလို ရှုနေတဲ့အာရုံဆီကို စိတ်ကမရောက်သလို ဟာတာတာကြီး အရှုရခက်နေမှုကိုလည်း တွေ့ရတတ်၏၊ ယောဂီသည် "သူဖြစ်ချင်သလို ဖြစ်နေသည့် အနတ္တတရားတွေဘဲ"ဟု ဆင်ခြင်ပြီး စိတ်အေးအေးထားကာ စူးစိုက်ရှုနေလျှင် ရှုစရာအာရုံနှင့် ရှုသိစိတ်ဟာ ကပ်သွား၏၊ ကြောင့်ကြစိုက် မပေးလျှင် အာရုံနှင့် ရှုသိစိတ်က အလိုလို ကပ်မနေသေး၊ ကြောင့်ကြစိုက်ပေးရ၏၊ ထိုသို့ အထူး ကြောင့်ကြစိုက်ပြီး တဖန်ရှုသိနေမှုသည် ပဋိသင်္ခါဉာဏ်ဖြစ်၏။